## ၁၁။ အတ်တလတ်(စ်)ဖလံ

**Atlas moth: *Attacus atlas* (Linnaeus, 1758)**

**Lepidoptera: Saturniidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**



Male moth (အထီး)



female moth(အမ)

ဖလံအကောင်ကြီးများသည် နီညိုအောက်ခံအရောင်ရှိပြီ အရွယ်အစားကြီးမားသည်။ ရှေ့အတောင်ထိပ်ပိုင်းသည် မြွေခေါင်းပုံသဏ္ဍာန်ရှိပြီး အဝါနှင့်အနီရောင်အမှတ်များ ပါရှိကာ အတောင်တစ်ခုစီ၏ အလယ်ဗဟိုတွင် အလင်းပေါက်တိရိဂံပုံသဏ္ဍာန် အစက်ပြောက် ပါရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**






အတ်တလတ်(စ်)ဖလံ ပိုးလောက်ကောင်များသည် အရွက်ရင့်များကို စားသောက်ဖျက်ဆီး သောကြောင့် အကိုင်းအခက်များတွင် အရွက်များမရှိ ဖြစ်နေတတ်သည်။ စားသောက်နေသည့် အပင်အစိတ်အပိုင်းအောက် မြေပေါ်တွင် အရွယ်အစားကြီးသော မစင်တုံးများ တွေ့မြင်နိုင် သည်။

**ဘဝစက်ဝန်း**

ဥ အဆင့် - ( ၁၄) ရက်

လောက်ကောင် အဆင့် – **(၂၈)** ရက်

ရုပ်ဖုံး အဆင့် – ( ၁ – လများစွာ ) လ

အကောင်ကြီး အဆင့် – **(၇)** ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ပိုးလောက်ကောင်များနှင့် ရုပ်ဖုံးအိမ်များကို စုဆောင်းဖျက်ဆီးပါ။

(၂)ထိသေ၊စားသေအာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍ စနစ်တကျ ခူးဆွတ်ပါ။

- လန်မ်ဒါဆိုင်ဟေလိုသရင်(Lambda-cyhalothrin)
- အဆီဖိတ် (Acephate)
- ဖလူဗန်ဒိုင်ယာမိုက်(Flubendiamide)
- ကလိုရမ်ထရမ်နီလီပရော(Chlorantraniliprole)